ပထမ ပုဂ္ဂလိကဘဏ် လီမိတက်
FIRST PRIVATE BANK LIMITED
NO. 619-621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP, YANGON, UNION OF MYANMAR.
TELEPHONE: 095-1-376 451 ~ 452 / 378 267 ~ 269. 095-1-251 748 ~ 749 / 246 786
FAX: 095-1-242 320/ 250 148/ 251 747.
Website: www.firstprivatebank.com.mm
e-mail: fpbho.ygn@gmail.com
hofirst.private@gmail.com

ပထမပုဂ္ဂလိကဘဏ်အစုရှင်များသို့ မေတ္တာရပ်ခံပန်ကြားချက်

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ(၃)ရက်

၁။ နှစ်စဉ်ပုံမှန်နှစ်ပတ်လည်အထွေထွေအစည်းဝေးကို Covid-19 ရောဂါပျံ့နှံ့မှုကြောင့် (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ်အတွက် ပုံမှန်အတိုင်းကျင်းပရန်မဖြစ်နိုင်တော့ပါ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ လူဦးရေ(၃၀)ထက်ပိုသော လူစုလူဝေးမပြုလုပ်ရန် အမိန့်စာထုတ်ပြန်ထားပါသည်။

၂။ (၂၉)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အစုရှင်များတက်ရောက်သော အစည်းအဝေးအစား (Video Conference)ဗွီဒီယိုကွန်ဖရန့်ဖြင့်ပြုလုပ်ရန် စီစဉ်လျှက်ရှိပါသည်။ ဗွီဒီယိုကွန်ဖရန့်(Video Conference)ကို အထမြောက်အောင်မြင်စွာကျင်းပနိုင်ရန် အစုရှင်အားလုံး၏ (၃၀%) (Quorum) ပြည့်မှီရန်နှင့် ပါဝင်ဆွေးနွေးရန် လိုအပ်ပါသည်။

၃။ သို့ပါ၍ အစုရှင်များမှ မိမိတို့ကြိုက်နှစ်သက်ရာ အခြားအစုရှင်တစ်ဦးဦးကို မိမိကိုယ်စားပါဝင်ဆွေးနွေးစေပြီး လိုအပ်သောဆုံးဖြတ်ချက်များချမှတ်နိုင်ရန်အတွက် ကိုယ်စားလှယ်(Proxy) လွှဲအပ်ရန်လိုအပ်ပါသည်။ (သာဓကအနေဖြင့် လက်ရှိဒါရိုက်တာအဖွဲ့ဝင်တစ်ဦး၊ ဘဏ်ခွဲကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ/အတွင်းရေးမှူးနှင့် မိမိတို့နှင့်နီးစပ်ရာဘဏ်ခွဲ မန်နေဂျာအသီးသီးအားဆက်သွယ်၍ ကိုယ်စားလှယ်လွှဲအပ်နိုင်ပါသည်။) ကိုယ်စားလှယ်(Proxy) လွှဲအပ်သည့်ပုံစံကို သိရှိလိုက်နာနိုင်ရန် ဘဏ်ခွဲမန်နေဂျာများထံတွင်ရင်း၊ ရန်ကုန်စတော့အိပ်ချိန်၏Website "https://ysx-mm.com နှင့် ပထမပုဂ္ဂလိကဘဏ် website www.firstprivatebank.com.mm" တို့တွင်ရင်း တင်ပြထားပါသည်။)

၄။ (Video Conference)ဗွီဒီယိုကွန်ဖရန့်ကို (၂၀၂၀ခုနှစ် ဒီဇင်ဘာလ ၂၇ရက်)ကို ကျင်းပပြုလုပ်နိုင်ရန် ရည်မှန်းထား၍ (၂၀၂၀ခုနှစ်၊ဒီဇင်ဘာလ-၂၀ရက်)ကိုနောက်ဆုံးထား၍ ကိုယ်စားလှယ်လွှဲအပ်ခြင်းကို စာဖြင့်လည်းကောင်း၊ (E-mail/Fax)ဖြင့်လည်းကောင်းပေးပို့ကြပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

၅။ (Video Conference) ဗွီဒီယိုကွန်ဖရန့် ထမြောက်အောင်မြင်စွာကျင်းပနိုင်ရန်အတွက် လိုအပ်သော အစုရှင်အားလုံး၏(၃၀%)(Quorum)ပြည့်မှီပါမှသာ နှစ်ပတ်လည်အစည်းဝေးထမြောက်အောင်မြင်မည်ဖြစ်သဖြင့် မဖြစ်မနေ ကိုယ်စားလှယ်လွှဲအပ်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။

၆။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဝင်ရောက်အရွေးခံမည့်ပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံတော်ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေ အခန်း(၁၀)၊ ပုဒ်မ(၇၆)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)မှ(၈) အထိတွင် ဖော်ပြထားသည့် အရည်အချင်းများနှင့်ကိုက်ညီရမည်ဖြစ်ပါသည်။ (ဒါရိုက်တာအဖွဲ့ဝင်လျှောက်လွှာများကို "https://ysx-mm.com နှင့် ပထမပုဂ္ဂလိကဘဏ် website www.firstprivatebank.com.mm" တို့တွင် download ရယူဖြည့်စွက်ပြီး (၁၆.၁၁.၂၀၂၀)ရက်နေ့ နောက်ဆုံးထား၍ ပထမပုဂ္ဂလိကဘဏ်လီမိတက်(ရုံးချုပ်)နှင့် နီးစပ်ရာဘဏ်ခွဲများသို့ ပေးပို့လျှောက်ထားနိုင်ပါသည်)။

အမိန့်အရ

(မြင့်ဇော်)
တွဲဘက်အတွင်းရေးမှူး
ဒါရိုက်တာအဖွဲ့

ပထမပုဂ္ဂလိကဘဏ်လီမိတက်

ကိုယ်စားမဲပေးရန်ခန့်အပ်လွှာ

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏အစုရှင် ကျွန်ုပ် ဦး/ဒေါ် _____သည် ကျွန်ုပ်ကိုယ်စား ဦး/ဒေါ် ---------- နိုင်ငံသားစိစစ်ရေးကဒ် ----------အား ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ (၂၇)ရက် နှင့် အခြားရှေ့ဆိုင်းသော မည်သည့်အစည်းအဝေးများတွင်မဆို တက်ရောက်ရန်နှင့် ဆန္ဒမဲပေးရန် ခန့်အပ်လိုက်ပါသည်။

မှတ်ချက် - ကိုယ်စားလှယ်ခန့်အပ်ခံရသူသည် (၃၀-၉-၂၀၂၀)နေ့တွင် ဘဏ်အစုရှယ်ယာ ပိုင်ဆိုင်ထား သည့် အစုရှင်ဖြစ်ရပါမည်။

- ကိုယ်စားမဲပေးရန်ခန့်အပ်လွှာကို(၁၈-၁၂-၂၀၂၀)ရက်ထက်နောက်မကျဘဲ ပထမပုဂ္ဂလိကဘဏ် ရုံးချုပ် (သို့မဟုတ်) နီးစပ်ရာဘဏ်ခွဲများသို့ ပေးပို့ရပါမည်။
- အစည်းအဝေးအထမြောက်စေရန်အတွက် အစည်းအဝေးမတက်ရောက်နိုင်ပါက မပျက်မကွက် ကိုယ်စားလှယ်လွှဲပေးပါရန်။

လက်မှတ် ----------

အမည် ----------

နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ----------

လိပ်စာ ----------

Special Code (သို့) Security No. ----------

ပိုင်ဆိုင်သည့်အစုအရေအတွက် ( )

နေ့စွဲ။ ၂၀၂၀ ခုနှစ်၊ လ၊ ရက်။

မှတ်ချက်။ ကိုယ်စားလှယ်လွှဲစာတရားဝင်စေရန်အတွက် အခွန်တံဆိပ်ခေါင်း ၅ဝ/- (ငါးဆယ်ကျပ်)ကပ်ရပါမည်။

ပထမပုဂ္ဂလိကဘဏ်လီမိတက်

(၂၉)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင်ဒါရိုက်တာအဖြစ်အရွေးခံရန်

လျှောက်ထားသူ၏ကိုယ်ရေးမှတ်တမ်းအကျဉ်း

၁။ အမည် ----------

၂။ အဘအမည် ----------

၃။ လူမျိုး/ဘာသာ ----------

၄။ မွေးနေ့/အသက် ----------

၅။ နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ----------

၆။ ပညာအရည်အချင်း ----------

၇။ လက်ရှိအလုပ်အကိုင် ----------

၈။ ဇနီး/ခင်ပွန်းအမည်/အလုပ်အကိုင် ----------

၉။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း(မရှိပါကမရှိကြောင်းဖော်ပြရန်)

(က)လုပ်ငန်းအမည် ----------

(ခ)ရာထူး ----------

(ဂ)လုပ်ငန်းတည်နေရာလိပ်စာ/ဖုန်း ----------

၁၀။ ဘဏ်(သို့)ငွေရေးကြေးရေးအဖွဲ့အစည်းတွင်တာဝန်ထမ်းဆောင်ဖူးပါက

(က)ဘဏ်(သို့)ငွေရေးကြေးရေးအဖွဲ့အစည်းအမည် ----------

(ခ)အမြင့်ဆုံးထမ်းဆောင်ခဲ့သည့်ရာထူး/လုပ်သက် ----------

၁၁။ တရားမဝင်သောနည်းလမ်းမှရရှိသည့်ငွေကြေးခဝါချမှုကင်းရှင်းကြောင်းကိုယ်တိုင်ကတိခံဝန်ချက်

၁၂။ ဆက်သွယ်ရန်လိပ်စာ ----------

၁၃။ ပိုင်ဆိုင်သည့်အစုရှယ်ယာအရေအတွက်နှင့်

အစုရှယ်ယာအမှတ်(သို့) IDနံပါတ် ----------

လက်မှတ်----------

အမည် ----------

မှတ်ချက် - ဒါရိုက်တာအဖြစ်ဝင်ရောက်အရွေးခံလိုပါကဤလျှောက်လွှာကို(၁၆-၁၁-၂၀၂၀)နေ့ထက်နောက်မကျဘဲ**ပထမပုဂ္ဂလိကဘဏ်**ရုံးချုပ် အမှတ်(၆၁၉/၆၂၁)ကုန်သည်လမ်းနှင့်ဗိုလ်ဆွန်ပက်လမ်းဒေါင့်၊ပန်းဘဲတန်းမြို့နယ်သို့အရောက်ပေးပို့ပါရန်။

အထူးပန်ကြားချက်-ဒါရိုက်တာအဖြစ်အရွေးခံလိုပါက(၃၀-၉-၂၀၂၀)နေ့တွင်အစုရှယ်ယာအနည်းဆုံး(၁၀၀)စုပိုင်ဆိုင်ရန်လိုအပ်ပါသည်။

(ပူးတွဲ)

ဒါရိုက်တာအဖြစ်အရွေးချယ်ခံရန်အဆိုပြုသူများအား မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ အခန်း(၁၀)၊ ပုဒ်မ(၇၆)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)မှ(၈) အရ ရာထူးတာဝန်နှင့် သင့်မြတ်လျော်ကန်သူ ရှိ/မရှိကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်။

(၁) ငွေကြေးနှင့်ဘဏ်လုပ်ငန်း၊ စီမံခန့်ခွဲမှု၊ စီးပွားရေးလုပ်ငန်း(သို့မဟုတ်) သက်ဆိုင်ရာကဏ္ဍတစ်ခုခုတွင် ပညာအရည်အချင်း (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်သော အရည်အချင်းများ (သို့မဟုတ်) ထိရောက်သည့် အတွေ့အကြုံများ။

(၂) အဆိုပါပုဂ္ဂိုလ်သည် လိမ်လည်လှည့်ဖျားမှု၊ မရိုးမဖြောင့်မှု(သို့မဟုတ်) အခြားမလျော်မကန်မှုပြုမူကြောင်း ကြပ်မတ်ကွပ်ကဲသည့် အဖွဲ့အစည်းကဖြစ်စေ၊ ပြည်တွင်းပြည်ပတွင်ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်းတစ်ခုခုက ဖြစ်စေ စုံစမ်းစစ်ဆေးခြင်း (သို့မဟုတ်) စုံစမ်းစစ်ဆေးခံရခြင်း။

(၃) အဆိုပါပုဂ္ဂိုလ်သည် ငွေရေးကြေးရေး စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပရှိ တရားရုံးတစ်ခုခုက ပြစ်ဒဏ်ချမှတ်ခြင်းခံရခြင်း ရှိ/မရှိ။

(၄) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ၊ လူမွဲစာရင်းခံရသူအဖြစ် ကြေညာခံရခြင်း ရှိ/မရှိ။

(၅) အဆိုပါပုဂ္ဂိုလ်သည် ကြွေးမြီပြန်လည်ပေးဆပ်မှုအပါအဝင် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ၊ တရားရုံး တစ်ခုခု၏ ဆုံးဖြတ်ချက် (သို့မဟုတ်) အမိန့်တစ်ခုခုကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူ ဟုတ်/မဟုတ်။

(၆) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ၊ တရားရုံးတစ်ခုခုကသော်လည်းကောင်း၊ နိုင်ငံတော်တွင် အစိုးရဆေးဘုတ်အဖွဲ့ကသော်လည်းကောင်း၊ စိတ်မနှံ့သူဖြစ်သည်ဟုကြေညာထားခြင်းခံရသူ ဟုတ်/မဟုတ်။

(၇) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ကြပ်မတ်ကွပ်ကဲခြင်း၊ စည်းမျဉ်းအရအရေးယူခြင်း ကြောင့်သော်လည်းကောင်း၊ ဗဟိုဘဏ်ကသော်လည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်း (သို့မဟုတ်) ဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းတစ်ခုခုတွင် ဒါရိုက်တာ (သို့မဟုတ်) အရာရှိအဖြစ်ထမ်းဆောင်ခြင်းမှ ထုတ်ပါယ်ခြင်း (သို့မဟုတ်) ရာထူးရပ်ဆိုင်းခြင်းခံရသူ ဟုတ်/မဟုတ်။

(၈) အဆိုပါပုဂ္ဂိုလ်သည် နိုင်ငံတော်တွင်ဖြစ်စေ၊ အရပ်ဒေသတစ်ခုခုတွင်ဖြစ်စေ လိုင်စင်အား ခေတ္တရပ်စဲခြင်း (သို့မဟုတ်) ရပ်စဲခြင်းခံထားရသည့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၏ အဓိကအစုရှယ်ယာရှင်၊ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ်တစ်ဦး ဟုတ်/မဟုတ်။